ထမင်းပေါင်းကျေးရွာ
ရွာဝင်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(၂၀၂၀-၂၀၂၄)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ထမင်းပေါင်းကျေးရွာ
(စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)
၂၀၂၀ ခုနှစ်

ထမင်းပေါင်းကျေးရွာ

Scanned by CamScanner

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	စကားချီး	
	ကျေးရွာသယံဇာတပြမြေပုံ	
၁	တည်နေရာနှင့် ပထဝီဝင်အနေအထား	
၂	ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ	
၃	ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ	
၄	စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ	
	(က) သီးနှံစိုက်ပျိုးရေး	
	(ခ)မွေးမြူရေးလုပ်ငန်း	
	(ဂ)ငါးလုပ်ငန်း	
	(ဃ)စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	
	(င)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	
၅	အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ	
	(က)ကျေးလက်သယ်ယူကပို့ဆောင်ရေး	
	(ခ)ကျေးရွာမီးလင်းရေး	
	(ဂ)သတင်းနှင့် ဆက်သွယ်ရေး	
၆	ပညာရေး	
၇	ကျန်းမာရေး	
၈	ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	
၉	ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ	
၁၀	ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ	
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ(၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	
	နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ	
	နောက်ဆက်တွဲ(၃)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား	
	နောက်ဆက်တွဲ(၄) နှစ်အလိုက်ဦးစားပေးစီမံချက်များလျာထားချက်	

Scanned by CamScanner

ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြ ထားပါသည်။ အပိုင်း(ခ) သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ဖေဖော်ဝါရီလ၊ ၂၀၂၀ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ထမင်းပေါင်းကျေးရွာ
ရွာင်မြို့နယ်

Scanned by CamScanner

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ် မှ ၂၀၂၃/၂၄ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်ပေါ်ခြင်းရေး အတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေးဖွံ့ဖြိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။


ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်တုံးလုပ်နည်းများကို မသိခဲ့ကြပါ။လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ဖြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော ဓနရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့်ပိုမိုကောင်းမွန်လာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု ၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်းကျွန်ုပ်တို့၏

Scanned by CamScanner

ထမင်းပေါင်းကျေးရွာ သယံဇာတပြမြေပုံ



၁။ တည်နေရာ၊ရာသီဥတု၊မြေမျက်နှာသွင်ပြင်အနေအထား

ထမင်းပေါင်းကျေးရွာသည် ရွာငံမြို့နယ်၊ ကျောက်ပုံကျေးရွာအုပ်စုတွင် ပါဝင်ပြီး လွန်ခဲ့သောနှစ်ပေါင်းများစွာကပင် တည်ရှိသောကျေးရွာဖြစ်သည်။ ထမင်းပေါင်းကျေးရွာသည် ရွာငံမြို့၏အရှေ့ဘက် ၅မိုင်၅ဖာလုံအကွာတွင်တည်ရှိပါသည်။ရွာငံမြို့နှင့်ထမင်းပေါင်းကျေးရွာများ ၅မိုင်၅ဖာလုံ သာကွာဝေးသော်လည်း ကျောက်ချောလမ်းသည် ကျောက်ပုံကျေးရွာ၏ အနောက်ဖက် ၂မိုင်နီးပါးမျှသာခင်းထားပြီး မပြုပြင်သည်မှာ ၄ နှစ်ခန့်ကြာမြင့်ပြီဖြစ်သောကြောင့် ကျောက်တုံးများ အစဉ်တကျမဟုတ်ဘဲ လမ်းများပျက်စီးလာသဖြင့် သွားလာရေးနှောင့်နှေးလာပါသည်။ ကျေးရွာသည် ကုန်းပြင်မြင့်မြေပြန့်ဖြစ်သည်။ ကျေးရွာ၏အရှေ့တောင်ဘက်တွင် အရှေ့မြင် အနောက်မြင်တောင် တည်ရှိပြီး ကျန်အရပ်၌ ကျေးရွာများသာတည်ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်

ညောင်ခြေထောက်ကျေးရွာသည် အအေးပိုင်းဖြစ်ပြီး ရာသီဥတုကောင်းမွန်ပါသည်။ သို့သော်သစ်တောများပြုန်းတီးလာမှုကြောင့် ရာသီဥတုဖောက်ပြန်တတ်ပါသည်။ သဘာဝအရင်းမြစ်များ အနေဖြင့် ကျောက်တောင်များရှိပါသည်။သို့သော်လည်းယခုအချိန်တွင် ထုတ်ယူသုံးစွဲမှုများပြာလာမှုကြောင့် ကျောက်များနည်းပါးလာပြီဖြစ်ပါသည်။ အနီးတဝိုက်တွင် သဘာဝပေါက်ပင်များ ပေါက်ရောက်တတ်သော်လည်းတွေ့ရများသော အပင်များသာဖြစ်သည်။ ကျေးရွာလူထုအတွက် ထင်း၊ ဝါး၊ ဆေးဖက်ဝင်အပင်များနှင့် နွားစာများရရှိသည်။ စားကျက်မြေသီးသန့်မရှိဘဲ သဘာဝတိရစ္ဆာန်မျိုးစိတ်များလည်းရရှိနိုင်မှုနည်းပါးသွားပြီဖြစ်သည်။ ဆေးဘက်ဝင်အပင်များမှာ သာမန်တွေ့ရသော အပင်များသာရှိသည်။

၃။ ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုအခြေအနေ

ထမင်းပေါင်းကျေးရွာ အိမ်ထောင်စုပေါင်း(၁၅၇) စု နှင့် ကျား (၄၀၁)၊ မ (၃၇၆)ဦး ဖြင့် လူဦးရေပေါင်း(၇၇၇)ဦးရှိပါသည်။ ကျေးရွာတွင် ခန့်ပဒေါ်ဝင်းလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့် အရွယ်(၇၁%)ရှိပြီး အများသားနည်းတူ အများသမီးများလုပ်ကိုင်နိုင်သည့် အလုပ်များကို ထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များ ဖန်တီးပေးနိုင်ပါက လူ့စွမ်းအားအရင်းအမြစ် ကို ထိရောက်စွာ အသုံးချပြီးကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုရေးအဖွဲ့ဘာသာရေး အဖွဲ့တို့ ရှိကြပြီး၊ ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေး၊နာရေး၊ လုပ်ငန်းများတွင် အားထက်သရော စုပေါင်းလုပ်ဆောင်ကြသည်။

ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများမရှိသဖြင့် ငွေကြေးကဏ္ဍအတွက်လိုအပ်သော ချေးငွေများကို ထုတ်ချေးနိုင်ခြင်းမရှိပေ။ပြင်ပအဖွဲ့အစည်းများ ဝင်ရောက်ခြင်းမရှိသဖြင့် ကျန်ရှိသောကဏ္ဍများပါ တိုးတက်လာရန်အတွက် အခက်အခဲများစွာရှိပါသည်။

Scanned by CamScanner

၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ထမင်းပေါင်းကျေးရွာတွင် မြေဇက စုစုပေါင်း(၅၁)ဧကရှိပါသည်။ လယ်ယာမြေလုပ်ကိုင်ခြင်းမရှိသဖြင့် လက်ဖက်များကိုသာ အဓိကထားစိုက်ပျိုးလုပ်ကိုင်ကြပါသည်။မြေယာမဲ့အိမ်ထောင်စု နှင့် ဆင်းရဲသောအိမ်ထောင်စုများမှာ နေ့စားကျပန်းနှင့် ရာသီအလိုက် လုပ်ငန်းခွင်များတွင် ဝင်ရောက်လုပ်ကိုင်ကြပါသည်။

စီးပွားရေးအနေဖြင့် သင့်တင့်မျှတသည်ဟုဆိုနိုင်သော်လည်း လက်ဖက်စိုက်ပျိုးေးကို အခြေခံသော ကျေးရွာဖြစ်သည့်အတွက် ဈေးကွက်ပေါ်မူတည်နေပါသည်။ ဆန်စပါးများကို စိုက်ပျိုးရာတွင် မြေဆီလွှာမကောင်းနိုင်တော့ပါသဖြင့် လက်ဖက်ကိုသာအဓိကထားစိုက်ပျိုးကြပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ထမင်းပေါင်းကျေးရွာတွင် နွားမွေးမြူထားသော အိမ်ထောင်စု(၁၀၀)စုရှိပြီး နွားကောင်ရေ (၁၈၀)ကောင်၊ ကျွဲမွေးမြူထားသော အိမ်ထောင်စု (၇၀)ရှိပြီး ကျွဲအကောင်ရေ(၁၀၀)ကောင် ဝက်မွေးမြူ ထားသော အိမ်ထောင်စု (၆၀)စုရှိပြီး ဝက်ကောင်ရေ(၇၅)ရှိပါသည်။ အများစုမှာ တစ်နိုင်တစ်ပိုင် မွေးမြူသည့်အိမ်ထောင်စုများဖြစ်ကြပြီး ဝက်ကိုစုဗူးအဖြစ်မွေးမြူကြသည်။ကျွဲ၊ နွားများကို စိုက်ပျိုးရေး လုပ်ငန်းတွင်အသုံးပြုခြင်းမရှိပါ။

ကျေးရွာတွင် စားကျက်မြေနည်းပါးခြင်းကြောင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရန် ခက်ခဲပါသည်။ မျိုးကောင်းမျိုးသန့်များဝယ်ယူရရှိနိုင်ပါသည်။ နွား သောက်သုံးရေ အသင့် အတင့်ရှိပြီး မြေနေရာလုံလောက်မှုရှိပါသည်။ မွေးမြူရေးလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် အခက်အခဲပြဿနာများမှာ မွေးမြူနိုင်ရန် စားကျက်မြေလုံလောက်မှုမရှိခြင်း၊ တိရိစ္ဆာန်ရောဂါ ကျရောက်မှုနှင့် ပတ်သက်၍ နည်းပညာဆိုင်ရာသိရှိမှုများအားနည်းပြီး မွေးမြူရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများပုံမှန် မရရှိပေ။ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြသည်။

(ဂ) ငါးလုပ်ငန်း

ကျေးရွာသည် တောင်ပေါ်တွင်တည်ရှိသောကြောင့် ငါးလုပ်ငန်းဆောင်ရွက်မှုမရှိပါ။

(ဃ) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင် အခြားဝင်ငွေရလုပ်ငန်းများလုပ်ကိုင်သူနည်းပါးပါသည်။ ကျပန်းလုပ်သားများသည် အများဆုံးအားဖြင့် ဝင်ငွေရရှိရန် စိုက်ပျိုးရေးလုပ်ငန်းခွင်တွင် နေ့စားအဖြစ် ဝင်ရောက်လုပ်ကိုင်ကြပါသည်။ အခွင့်အလမ်းအနေဖြင့် လုပ်သားအင်အားရှိခြင်း၊ ဈေးကွက်အသင့်ရှိပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးကိုသာ အဓိကလုပ်ကိုင်ကြခြင်း၊ဈေးကွက်လွှဲလာနိုင်မှုမရှိခြင်း အသက်မွေးဝမ်းကျောင်းနည်းပညာတတ်မြောက်မှုမရှိခြင်း တို့ကြောင့်အခြားဝင်ငွေရလုပ်ငန်းလုပ်ကိုင်ရန် စိတ်ဝင်စားသူနည်းပါးပါသည်။

Scanned by CamScanner

(c) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် ချေးငွေလိုအပ်ချက်များပြားမှုကြောင့် အစိုးရဘဏ်၊ပုဂ္ဂလိကဘဏ်များမှ အတိုးနှုန်းသက်သာစွာဖြင့် ကာလရှည်ချေးငွေများထုတ်ပေးပါက မိသားစုစားဝတ်နေရေးနှင့် စီးပွားရေးဆိုင်ရာကိစ္စများ အတွက မှီခိုအဆင်ပြေနိုင်ပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာ၏သယ်ယူပို့ဆောင်ရေးနှင့်သွားလာရလွယ်ကူရေးအတွက်မော်တော်ဆိုင်ကယ်များ၊ ထော်လာဂျီများ နွားလှည်းများကို အဓိကထားအသုံးပြုကြသည်။ လမ်းပန်းဆက်သွယ်ရေးအသင့်အတင့် ကောင်းမွန် မှုရှိခြင်းကြောင့် ကုန်စည်စီးဆင်းမှုမှာလည်း လျင်မြန်လာပါသည်။ သို့ရာတွင် အချို့အိမ်ထောင်စုများမှာ ကိုယ်ပိုင် ပိုင်ဆိုင်သည့် ယာဉ်မရှိခြင်းကြောင့် အရေးပေါ်ပြဿနာများ ဖြစ်ပေါ်လာသည့်အခါ၌ အခက်အခဲအနည်းငယ်ရှိပါသည်။

ကျေးရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး သဲကြမ်းခင်းထား၍ မိုးတွင်းအခါသွားရလာရလွယ်ကူပါသည်။ အောင်ပန်းနှင့်မန္တလေး ကုန်စည်တင်ပို့သောလမ်းသည် သဲကြမ်းလမ်းဖြစ်၍ မိုးတွင်းအခါ၌သွားလာရခက်ခဲပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင် လျှပ်စစ်မီးမရရှိသေး၍ ဆိုလာမီးကိုအိမ်ထောင်စုတိုင်း အသုံးပြုနေပါသည်။ လျှပ်စစ်မီးသုံးစွဲနိုင်ရန်အတွက် ရွာတွင်းလိုင်း အရှည်(၃)မိုင်ရှိသည့်အနက် (၁မိုင်ခွဲ) အား ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့်ဝင်ငွေမြှင့်တင်ရေးစီမံကိန်းနှင့် ကျေးရွာပူးပေါင်း၍ အကောင်ဂျအထည်ဖော်ဆောင်ရွက်ထားသော်လည်း ထရမ်စဖော်မာတည်ထားခြင်းမရှိသေးပါ။ လျှပ်စစ်မီးရရှိပါ က ထင်းသုံးစွဲမှုနှင့် သစ်တောပြုန်းတီးမှုနည်းပါးသွားမည်ဖြစ်ပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း(၃၀၀)လုံး ရေဒီယို(၃၀)လုံး၊ ဂြိုလ်တုစလောင်း (၁၀)လုံး တို့မှ ရရှိပါသည်။ ဖုန်းလိုင်းရရှိသည့်အတွက် သတင်းနှင့်ဆက်သွယ်ရေးအဆင်ပြေပါသည်။

၆။ ပညာရေး

ကျေးရွာတွင် အလယ်တန်း(ခွဲ)ပညာကို သင်ကြားနိုင်ကြပြီး အထက်တန်း ပညာကို ရွာင်မြို့တွင်သွားရောက်သင်ကြားကြရသည်။လက်ရှိအချိန်တွင် ပညာရေးကို ဦးစားပေးလာကြသော်လည်း ယခင်အချိန်က ပညာရေးစိတ်ဝင်စားမှုနည်းပါးခြင်းကြောင့် စာမတတ်သူနှင့်မူလတန်းပညာသာ တတ်မြောက်မှုရှိကြပါသည်။ မြို့ပြနှင့်နီးခြင်းကြောင့် ပညာရေးအဆင့်အတန်း အတန်အသင့်ရှိပါသည်။ အထက်တန်း၊ တက္ကသိုလ်ပညာတတ်မြောက်သူများလည်းရှိပါသည်။ဝန်ထမ်းအိမ်ယာအဆောက်အဦးများ နှစ်အတော်ကြာ ပြီဖြစ်၍ မိုးရာသီတွင် မိုးယိုမှုရှိပါသည်။ကျောင်းအုတ်တံတိုင်းကာရံထားခြင်း မရှိသည့်အတွက် ကျောင်းဇရိယာမှာ (၁၆၄၀၀)ပေတိကျမှုရှိသော်လည်း အခြားသူများကျွဲ၊နွားများလွယ်ကူစွာ ဝင်ရောက်မှုကြောင့် လုံခြုံမှုမရှိခြင်းတို့ ဖြစ်ပေါ်နေပါသည်။ ကျောင်းသူ/ကျောင်းသားများ ပညာရေးကိုစိတ်ဝင်စားစေရန် အတွက် ပညာပေးဟောပြောပွဲများ ပြုလုပ်ရန်လည်းလိုအပ်နေပါသည်။ ကျောင်းပရိဘောဂများ အားကစားဆိုင်ရာပစ္စည်းများလက်လှမ်းမီမှုအားနည်းနေပါသည်။

Scanned by CamScanner

၇။ ကျန်းမာရေး၊ ရေ နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ထမင်းပေါင်းကျေးရွာတွင် ကျန်းမာရေးဆေးခန်းရှိပါသည်။ သာမန်ရာသီဥတုအလိုက် ဖျားနာရောဂါများကို ရွာခံသာကုသကြပါသည်။ကျန်းမာရေးရောဂါပြင်းထန်သည့် လူနာများသည် ရွာင်မြို့နယ်ဆေးရုံသို့လည်းကောင်းတောင်ကြီးဆေးရုံသို့လည်းကောင်းမန္တလေးမြို့သို့လည်းကောင်း သွားရောက်ကုသကြပါသည်။

ကျေးရွာတွင် သောက်သုံးရေအတွက် ထွက်ရေကိုအသုံးပြုကြပါသည်။ရေထွက်မှ ပိုက်လိုင်းများသွယ်၍ ရေလှောင်ကန်၌သိုလှောင်ပြီးပိုက်လိုင်းများဖြင့် အိမ်ထောင်စုတိုင်း အသုံးပြုခြင်းကြောင့် သန့်ရှင်းသောရေကို အသုံးပြုနေရ၍ ရေကြောင့်ဖြစ်သောရောဂါများမရှိပါ။

ကျေးရွာတွင် ရွာလုံးကျွတ် ယင်လုံအိမ်သာကို အသုံးပြုကြပါသည်။ ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်သောအနေဖြင့် ကျေးရွာသူ/သားများ အတွက် ကျန်းမာရေးနှင့် ပတ်သက်သည့် ဟောပြောပွဲများ လုပ်ပေးရန်ဆန္ဒရှိနေကြပါသည်။

၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကျေးရွာတွင် ယခုလက်ရှိအချိန်ထိ သဘာဝဘေးအန္တရာယ်ကြီးများစွာကျရောက်မှုမရှိပါ။ ဘေးအန္တရာယ်ကျရောက်လာပါကလည်း ကာကွယ်ရန်နည်းလမ်းများလည်း ထားရှိမှုမရှိပါ။ အမှိုက်စွန့်ပစ်ရာတွင် စနစ်တကျစွန့်ပစ်မှု အသင့်အတင့်ရှိပါသည်။ထိုမှသာလျင် ကျေးရွာသူ/သားများအနေဖြင့် ကောင်းကျိုး/ ဆိုးကျိုးများခွဲခြားလာနိုင်ပြီး သဘာဝပတ်ဝန်းကျင် လုပ်ငန်းများကို တက်ကြွစွာပါဝင်လုပ်ဆောင် လာမည် ဖြစ်ပါသည်။

၉။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးဦးရေ နှင့် အမျိုးသားဦးရေမှာ များစွာကွာဟမှုမရှိပါ။ ကျေးရွာရှိ အဖွဲ့အစည်းများတွင် အမျိုးသမီးများအနေဖြင့် ပါဝင်နိုင်မှုနည်းပါးပါသည်။ ကျေးရွာအုပ်ချုပ်ရေးပိုင်းတွင် အမျိုးသမီးများပါဝင်မှုမရှိသလောက် နည်းပါးသော်လည်း ကျေးရွာ၏ သာရေးနာရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်လှုပ်ရှားကြပါသည်။ အမျိုးသမီးများသည် လုပ်ငန်းခွင်တွင်လည်း လုပ်အားခရရှိမှုမှာ အမျိုးသားများထက်နည်းပါးပါသည်။ ထိုမတူညီသော လုပ်အားခများသည် အမျိုးသမီးများ၏ စိတ်ဓါတ်အရည်အသွေးကိုကို လျှော့ကျစေပါသည်။ အမျိုးသမီးများ၏ စိတ်ဓါတ်အရည်အသွေးကို မြှင့်တင်ပေးပြီး ကျေးရွာရှိ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး စသည်တို့တွင် ပါဝင်လာနိုင်ရန်အတွက် ပညာပေးဟောပြောပွဲများပြုလုပ်၍ အမျိုးသမီးများပါဝင်အောင် စည်းရုံးလုပ်ဆောင်ရန် လိုအပ်နေပါသည်။

Scanned by CamScanner

၁၀။ ထမင်းပေါင်းကျွေးရွာ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ကျွေးရွာအုပ်စုအမည်- ကျောက်ပုံကျွေးရွာအုပ်စု ကျွေးရွာအမည်-ထမင်းပေါင်းကျွေးရွာ

စဉ်	ကဏ္ဍ	စီမံချက်ဆိုလိုရင်း	စီမံချက်နှင့် လုပ်ငန်းစဉ်များ	မှတ်ချက်
၁။	ပညာရေး	ကျောင်းအုတ်တံတိုင်းကာရံခြင်း	ပညာရေးဌာနနှင့်ဆက်သွယ် ဆောင်ရွက်ခြင်း	
၂။	ကျန်းမာရေး	အခြေခံကျန်းမာရေးဝန်ဆောင်မှု/ ကျေးလက်ကျန်းမာရေးဝန်ဆောင်မှု ကျေးလက်/လူထုအခြေပြုကျန်းမာရေး ဝန်ဆောင်မှု	ကျေးလက်ဆေးပေး ခန်းရရှိရေး	
၃။	ကျန်းမာရေး	ကျန်းမာရေးအသိပညာများဖွံ့ဖြိုး တိုးတက်ပြီး ကျန်းမာစွာ နေထိုင်နိုင်မှု	ကျန်းမာရေးပညာပေး ဟောပြောပွဲများပြု လုပ်ပေးနိုင်ခြင်းရေး	
၄။	ငွေကြေး	ရပ်ရွာအခြေပြုငွေကြေး ဝန်ဆောင်မှုများ	အတိုးနှုန်းသက်သာစွာ ဖြင့်ချေးငွေရရှိနိုင်ရန်	

Scanned by CamScanner

နောက်ဆက်တွဲ(၁)

ထမင်းပေါင်းကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	တာဝန်	ဖုန်းနံပါတ်	မှတ်ချက်
၁။	ဦးထွန်းဝင်း	ဦးခင်မောင်	၁၃/ရငန(နိုင်)၀၀၇၀၁၂	ဥက္ကဋ္ဌ		
၂။	ဦးကျော်နိ	ဦးဖြူ	၁၃/ရငန(နိုင်)	အတွင်းရေးမှူး		
၃။	ဒေါ်လှဝေ	ဦးဖိုးချို	၁၃/ရငန(နိုင်)	ဘဏ္ဍာရေးမှူး		
၄။	ဒေါ်ကြည်ကြည်ညွှန့်	ဦးကျော်ထွန်း	၁၃/ရငန(နိုင်)၀၄၅၉၆၆	စာရင်းကိုင်		
၅။	ဦးခင်ဇော်ဝင်း	ဦးကျော်ဝင်း	၁၃/ရငန(နိုင်)၀၄၃၀၂၀	စာရင်းကိုင်		
၆။	ဦးကြည်သန်း	ဦးမောင်ကြည်	၁၃/ရငန(နိုင်)	စာရင်းကိုင်		
၇။	ဒေါ်သန်းသန်းအေး	ဦးလှမောင်	၁၃/ရငန(နိုင်)	ဝယ်ယူရေး		
၈။	ဒေါ်သန်းသန်းဌေး	ဦးပေါ်အောင်	၁၃/ရငန(နိုင်)	ဝယ်ယူရေး		
၉။	ဦးစံရွှေ		၁၃/ရငန(နိုင်)	ဝေဖန်အကြံပြု		
၁၀။	ဦးဘရီ	ဦးထွန်းလှိုင်	၁၃/ရငန(နိုင်)	ဝေဖန်အကြံပြု		
၁၁။	ဦးဘသိန်း	ဦးချစ်ထွန်း	၁၃/ရငန(နိုင်)	ဝေဖန်အကြံပြု		
၁၂။	ဦးဇော်မျိုးထွန်း	ဦးကျော်ထွန်း	၁၃/ရငန(နိုင်)	ဝေဖန်အကြံပြု		

Scanned by CamScanner

နောက်ဆက်တွဲ(၃)

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား(ထမင်းပေါင်းကျေးရွာ)

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁။	အသွားအလာအဆင်ပြေချောမွေ့စေရန်	ကျေးရွာတွင်း ကျောက်ချောလမ်း မရှိခြင်း	-	-	-	ကျေးရွာတွင်းကျောက်ချောလမ်းရရှိရန်(၃၂၀၀ ပေ)
၂။	လူနေမှုအဆင့်အတန်းမြင့်မားပြီး သစ်တာပြုန်းတီးမှုလျော့နည်းစေရန်	-	-	-	သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	ကျေးရွာတွင်းမီးရရှိရန်
၃။	ကျွဲနွားများဝင်ရောက်ခြင်း၊ကျောင်းဝန်းလုံခြုံမှုမရှိခြင်း	-	-	-	ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	ကျောင်းအုတ်တံတိုင်းကာရံခြင်း(၁၆၄၀၀)ပေ
၄။	သောက်သုံးရေလုံလောက်မှု မရှိခြင်း	-	-	-	သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	အိမ်ထောင်စုများအားရေလုံလောက်စေရန်
၅။	အရင်းအနှီးအတွက်ချေးငွေများအဆင်ပြေမှုမရှိခြင်း	-	-	-	-	အတိုးနှုန်းသက်သာသောချေးငွေရရှိရန်

Scanned by CamScanner

ထမင်းပေါင်းကျေးရွာနှင့် နှစ်အလိုက် ဦးစားပေး လုပ်ငန်းများလျာထားချက်

စဉ်	စိမံချက်အမည်	ဦးစားပေးအဆင့်	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂	၂၀၂၃
၁။	ကျေးရွာတွင်းကျောက်ချောလမ်းရရှိရန် ပေ (၃၂၀၀)	၁	✓	✓			
၂။	ကျေးရွာတွင်မီးရရှိရန် (၃)မိုင်	၂		✓	✓		
၃။	ကျောင်းအုတ်တံတိုင်းကာရံခြင်း (၁၆၄၀၀)ပေ	၃			✓	✓	
၄။	အိမ်ထောင်စုအားလုံးရေလုံလောက်စေရန်	၄	✓	✓	✓	✓	✓
၅။	အတိုးနှုန်းသက်သာသော ချေးငွေရရှိရန်	၅	✓	✓	✓	✓	✓

Scanned by CamScanner